
သက်သက်စံ
ဒုဋ္ဌဝတီနဂါးသိုက်မှ
ယာရုနာရုံမင်းသမီး

# အပိုင်း(၁)

ဗိုင်းတာမကို အလွတ်မပေးကြနဲ့ လိုက်စမ်း တွေ့လို့ ကတော့ တွေ့တဲ့ နေရာ အသေသတ် မယ်မယ်ဘုရားအမိန့် ...

သူမ ထိုတောထဲတွင် ပြေးလွှားနေရသည် မှာ နှစ် ရက်ခန့်ရှိပြီ။

ခြေကုန်လက်ပန်းကျကာ အလွန်ပင်ပန်းနေပြီ။

ဒီတောအုပ် ကျော်လျှင်တော့ သူမ ၏ မွေးရပ်ဇာတိ ရွာလေးသို့ ပြန်ရောက်နိုင်မည်ဖြစ်သည် ။

မနက်ခင်း နေရောင်ခြည်သည် သူမ မျက်နှာသို့ ဖြာကျလာသည် ။

နားထဲတွင် မြင်းခွာသံများ ကြားနေရသည် ။ မြင်းခွာသံမှာ သူမနှင့် အလွန်နီးကပ်လာသည် ။ နှစ်ရက်ဆက်တိုက် အိပ်ရေးပျက်ကာ အလွန်ပင်ပန်းနေသောကြောင့် မျက်လုံးများ ပင် မဖွင့်နိုင်။

သို့သော် အန္တရာယ်မှာ အလွန်နီးကပ် လာပြီ ဖြစ်၍ အားယူကာ ဖွင့်လိုက်သည် ။

မျက်လုံး ဖွင့်လိုက်သည် နှင့် ဒုဋ္ဌဝတီမြစ်ကြီးကို တွေ့လိုက်ရသည် ။

သူမ အလွန်ပျော်သွားသည် ။

မြစ်တစ်ဖက်ကမ်း ကူးလျှင် ဇာတိရွာလေးသို့ ပြန်ရောက်တော့မည် မဟုတ်လား။

မနက်ခင်းနေထွက်ချိန် ဒုဋ္ဌဝတီ၏ အလှအပ အားတွေ့လိုက်ရ၍ အနည်းငယ် လန်းဆန်းသွားသည် ။

ဟိုမှာ ဗိုင်းတာမ မလွတ်စေနဲ့ အသေသတ်...

ရဲမက်များ ၏ အသံကြောင့် သူမ သတိဝင်လာကာ ပြေးတော့သည် ။

မြစ်ကမ်းနံဘေး ရောက်သော် အဝေးတွင် လှေငယ် တစ်စီးအား တွေ့လိုက်ရသည် ။ သူမ လက်လှမ်းပြ အော်ဟစ်ကာ အကူအညီ တောင်းလိုက်သည် ။ သိုသော် ပဲ့ကိုင်သည် သူမအား တွေ့ဟန်မတူပေ။

အနောက်တွင် လဲ ရဲမက်များ ထက်ကြပ်မကွာ လိုက်လာသောကြောင့် မြစ်ထဲသို့ ဆင်းကာ ပြေးလိုက်သည် ။

ရဲမက်များ သည် ကမ်းစပ်မှ နေကာ အဆိပ်လူး မြားများ ဖြင့် တရပ်စပ်ပစ်သည် ။

မြားများ သူမ ကိုယ်သို့ တစ်စင်းပြီး တစ်စင်း စိုက်ဝင်သွားသည် ။ ထူးဆန်းသည် မှာ တစိုးမျှ နာကျင်ခြင်းမရှိ။

ထို့နောက် သူမ ခန္ဓာကိုယ်သည် နဂါးအဖြစ်သို့ ပြောင်းသွားကာ ရေအောက်ထဲသို့ ထိုးဆင်းသွားတော့သည် ။

*****

## အခန်း(၁)

## မြလေး ဘဝ အစ

ဗိုင်းတာမတွေ ဒီကိုလာကြစမ်း...

မိန်းမစိုး (အပျိုတော်/ကျေးကျွန်ထိန်း) ဖြစ်သူအမိန့်ကြောင့် ကျေးကျွန်မ များ သည် လုပ်လက်စ အလုပ်များအားရပ်ကာ ပျာပျာသလဲပြေးလာကြသည် ။

ဗိုင်းတာမ များ သည် နန်းတော်ထဲတွင် အဆင့်အနိမ့်ဆုံး ကျေးကျွန်များ ဖြစ်သည် ။

"အို နန်းတော်ထဲမှာ ဘယ်လိုတွေတောင် ကျွန်ခြေမဲ့နေရတာလဲ နားထောင်ကြ ဒီည အရှင်မင်းမြတ် နန်းဆောင်မှာ ပြဇာတ်ပွဲရှိတယ် ညကျ ဆီမီးတွေထိန်နေအောင် ထွန်းရမယ် တစ်ခုခု မှားလို့ ကတော့ ညည်းတို့ အသက်နဲ့ ခန္ဓာအိုးစားကွဲပီသာမှတ်"

"ဟုတ်ကဲ့ပါ သခင်ကြီး"

(မိန်းမစိုး အား နန်းတွင်းတွင် သခင်ကြီး ဟု သာ သုံးနှုန်းသည် ။ )

* * *

ဘုရင့်နန်းဆောင်တွင် ဆီမီးများ ထိန်ထိန်လင်းနေသည် ။ အဆောင်အတွင်းတွင် အမွှေးနံ့သာ များ ဖြင့်လဲ ကြိုင်လှိုင်နေသည် ။

အရှင်မင်းမြတ်သည် ပလ္လင်ထက်တွင် ထိုင်ကာ မိဖုရားခေါင်နှင့် အတူ ဘောဂဝတီ နဂါးမင်း ပြဇာတ်အား ရှုစားနေသည် ။

ပြဇာတ် အား ကြည့်ရှုနေရင်း သူ၏ စိတ်တွင် ခံစားချက် တစ်ခုဝင်လာသည် ။

အမည်မဖော်တတ်သော ထိုခံစားချက်ကို ငယ်စဉ်ကပင် ရံဖန်ရံခါ ခံစားမိသည် ။

ထိုစဉ်နန်းဆောင် အတွင်း ထွန်းညှိထားသော ဆီမီးခွက် တချို့မှာ မီးငြိမ်းသွားသည် ။

မိဖုရားခေါင်၏ မျက်နှာမှာ ပျက်ယွင်းသွားသည် ။

"မိန်မစိုး သင် အလုပ်ကို ဘယ်လိုလုပ်တာလဲ"

"ကျွန်တော်မျိုးမ အလုပ်လုပ်တာ ပေါ့လျော့သွားပါတယ် ခွင့်လွှတ်ပေးပါ မယ်မယ်ဘုရား"

"ဆီမီးခွက် မီးစာတွေကို ဘယ်သူ ထည့်တာလဲ ချက်ချင်း အပြစ်ပေးစေ"

"အမိန့်အတိုင်းပါ မယ်မယ်ဘုရား

အပြင်က ဗိုင်းတာမတွေ မီးစာအသစ်တွေ ချက်ချင်း ယူလာချေ"

မြလေးသည် တုန်တုန်ယင်ယင်ဖြင့် မီးစာများအား ကိုင်ဆောင်ကာ ဝင်လာခဲ့သည် ။

ဘုရင်နှင့် မိဖုရားအား တစ်ခါမှ အနီးကပ် မခစားဖူးသောကြောင့် အမှားလုပ်မိမည်ကို စိုးထိတ်နေမိသည် ။

ဘုရင်မင်းမြတ်သည် နန်းဆောင် အတွင်းသို့ ဝင်လာသော မြလေးကို မြင်သော် သူ၏ စိတ်ထဲတွင် အလွန်ရင်းနှီးနေသည် ဟု ခံစားမိသည် ။

မြလေးသည် အသားခပ်လတ်လတ် မျက်နှာဝိုင်းဝိုင်းဖြင့် အလွန်ချစ်စဖွယ် ကောင်းသည် ။ အသက် ၁၄ နှစ်သာ ရှိသေး၍ သူမ၏ မျက်နှာတွင် နုပျိုမှုက အထင်းသားပေါ်နေသည် ။

မီးစာထည့်နေသော ဗိုင်းတာမထံ အရှင် အကြည့် ရောက်နေသည်ကို မိဖုရား သတိထားမိသော်

"မီးစာ ထည့်နေတဲ့ ဗိုင်းတာမ ရှေ့တော်မှောက် ခစားချေ "

မိဖုရားခေါင်၏ အမိန့်ကြောင့် မြလေးသည် ရှေ့တော်မှောက် ဝင်ကာ ကျုံ့ကျုံ့ထိုင်၍ တံတောင်ဆစ်နှင့် ကြမ်းပြင် ထိနေအောင်ဝပ်၍ ခစားလိုက်သည် ။

သူမ ခြေလက်များမှာ အေးစက်နေသည် ။ ရင်ထဲတွင် လဲ တထိတ်ထိတ်ဖြင့် နှလုံးခုန်သံများ ပင် မမှန်တော့ပေ။

မော်ဖူးစေ ဟူသော အမိန့်ရမှ သာ သူမမျက်နှာမော့လိုက်သည် ။

မိဖုရားသည် မြလေး မျက်နှာအားတွေ့သော် အနည်းငယ် စိုးရိမ်သွားသည် ။

အလွန်ချောမောလှပသည် မဟုတ်သော်ငြားလဲ သူမ၏ မျက်နှာမှာ အပြစ်ကင်းစင်ကာ မြင်ရသူ အေးချမ်းစေသည် ။

စိတ်ထဲမှ အလိုမကျသော်ငြားလဲ တိုင်းပြည်၏ မိခင် မိဖုရားခေါင်ကြီးဖြစ်၍ ဣန္ဒြေ ထိန်းလိုက်သည် ။

"သွင်ပြင်လက္ခဏာ ကတော့ မဆိုးပေဘူးပဲ မျိုးရိုးတော့ ဦးမယ် ... သင့်မိဘများက ဘယ်ကလဲ"

"ကျွန်တော်မျိုးမ မိဘများက ဒုဋ္ဌဝတီမြစ်တစ်ဖက်ကမ်းက တံငါသည် တွေပါ မယ်မယ်ဘုရား"

"မျိုးရိုးနိမ့်တံငါသည် သမီးဆိုပေမယ့်လဲ သင့်ကို အရှင်မင်းမြတ် နှစ်ခြိုက်တော်မူလို့ ခင်လေး အဆင့် ရာထူးတိုးပေးမည်"

"ကျေးဇူးကြီးမားပါတယ် အရှင်မင်းမြတ်နဲ့ မယ်မယ်ဘုရား"

ဤသို့ဖြင့် မြလေးသည် ခင်လေး အဆင့်အပျိုတော် ဖြစ်ခဲ့လေသည် ။

(နန်းတော်တွင် မိုင်းတာမ ထက်မြင့်သော ကျွန် အပျိုတော်များအား ခင်လေးဟု သုံးသည် )

ခင်လေး အဆင့်ရောက်သော် မြလေးသည် အရင်လို ဆီမီးထွန်း မီးစာကျစ်ရသော အလုပ်များအားမလုပ်ရတော့ပေ။

သူမ၏ တာဝန်အသစ်မှာ နန်းဥယျာဉ်အတွင်းရှိ ပန်းများ ခူးကာ မိဖုရားနှင့် မင်းသမီးများကို ဆက်သရသည် ။

သူမဆက်သာသော ပန်းများကို မိဖုရားနှင့် မင်းသမီးများ နှစ်သက်လျှင် ဆုလာဘ်များ ပင် ရတတ်သည် ။

သို့သော် အမြဲ အဆင်ပြေနေသည် မဟုတ်၊ တစ်ခါတစ်ရံ မင်းသမီးနှင့် မိဖုရားများ စိတ်မကြည်လျှင် လှပပွင့်ဖူးနေသော ပန်းများကိုပင် ညှိုးနွမ်းနေသည် ဟု ဆိုကာ မြလေးကို အပြစ်ပေးတတ်သေးသည် ။

တကယ်တော့ သူမ၏ ဘဝသည် ဓားသွားထက် လမ်းလျှောက်နေရ

သလိုပင်။

မင်းသမီး များ မိဖုရားနှင့် ဆက်ဆံရသည် မှာ အလွန်သတိထားရသည် ။

တစ်နေ့သ၌ ကောင်းကင်တွင် လမင်းကြီးမှာ ဝိုင်းစက်ဝင်းပနေသည် ။

ဘုရင်မင်းမြတ်သည် အိပ်မပျော်သည် နှင့် လရောင်ရှုစားရန် ဥယျာဉ်တော်အတွင်းသို့ တစ်ကိုယ်တည်း လမ်းလျှောက်ထွက်လာသည် ။

မြလေးသည် လဲ အိပ်ရာထက်တွင် ဘယ်ညာ လူးလိမ့်နေသည် ။

ခေါင်းအုံးနံဘေးတွင် သင်းပျံ့သော ရနံ့ထားအိပ်လျှင် ကောင်းစွာ အိပ်ပျော်စေသည် ဟု ကြားဖူး၍ ပန်းအနည်းငယ် ခူးရန် ဥယျာဉ်ထဲသို့ ရောက်လာခဲ့သည် ။

စံပယ်ရုံအနီး ပန်းခူးနေစဉ် ပန်းရုံအကြား မြွေစိမ်းတစ်ကောင် ထွက်လာ၍ လန့်ကာ အော်လိုက်မိသည် ။

ထိုမြွေစိမ်းမှာ အမောက်ထောင်ကာ မြလေးအား ကြည့်နေသည် ။

သူမထွက်ပြေးသော် မြွေစိမ်းသည် အနောက်မှ လိုက်လာသည် ။

အလန့်တကြားပြေးရင်း ဥယျာဉ်အတွင်း ရှိ ကြာကန်ထဲသို့ ပြုတ်ကျသွားတော့သည် ။

"အား . . .ကယ်ကြပါဦး"

ဘုရင်မင်းမြတ်သည် လရောင်ရှုစား လမ်းလျှောက်နေရင်း ရေကန်နား အရောက် ရေနစ်နေသော မြလေးအား တွေ့လိုက်သော် ချက်ချင်း

ကန်ထဲသို့ ခုန်ချလိုက်သည် ။

ရေနစ်နေသော မြလေ အားကယ်၍ ကူးလာကာ ကန်စပ်နား အရောက်တွင် တော့ ရေအောက်ထဲမှ နွယ်ပင်များ သည် သူ၏ ခြေထောက်အား ရစ်ပက်ကာ ဆွဲယူလိုက်သည် ။

ဘုရင်မင်းမြတ် နှင့် မြလေး နှစဦးစလုံး ရေအောက်ထဲသို့ နစ်မြုပ်သွားတော့သည် ။

*****

ဧရာမ နဂါးနီ နှစ်ကောင် ရစ်ပက်ထားသော နန်းတော်။

ထိုနန်းတော်မှာ ရွှေရောင် တလက်လက် တောက်ပနေသည် ။

မောင်တော် မောင်တော်

နူးညံ့သိမ့်မွေ့သော အသံပိုင်ရှင်ကြောင့် မျက်လုံးများ ဖွင့်လိုက်သည် ။

သူရောက်ရှိနေသည် မှာ ရွှေသလွန်ထက်တွင် ဖြစ်သည် ။

သူ နံဘေးတွင် အလွန်လှပ ကျက်သရေရှိသော အမျိုးသမီးတစ်ဦး ထိုင်နေသည် ။

ထိုအမျိုးသမီးသည် ရွှေအိုရောင်ပိုးထည်အား ဝတ်ဆင်ထားသည် ။

ခေါင်းထက်တွင် ပတ္တမြားသရဖူ ဆောင်းထားကာ နက်မှောင်သော ဆံနွယ်များအား ဘေးတစ်ဖက်သို့ ချထားသည် ။

"ငါကိုယ်တော် ဘယ်နေရာ ရောက်ရှိနေတာလဲ မြလေး မြလေး ရော
"

"ညီမတော် ရှိပါတယ် အစ်ကိုတော်"

မြလေးသည် နံ့သာရောင် နန်းဝတ်နန်းစား လက်ဝတ်ရတနာ များဖြင့် လှပတင့်တယ်နေသည်။

"မောင်တော်ရယ် နှမတော်ဖြင့် သတိရလိုက်တာ မောင်တော်ကတော့ လူ့ပြည့်မှာ လူ့မိဖုရားတွေနဲ့ ပျော်ပါးနေတာ"

ထိုအမျိုးသမီးမှာ သူ့ရင်ခွင်ထဲဝင်ကာ ချွဲနွဲ့နေသည်။

မြလေးကတော့ သူတို့ နှစ်ဦးကို ပြုံးကာ ကြည့်နေသည်။

"သင် ဘယ်သူလဲ ငါကိုယ်တော် သင့်ကိုမသိဘူး"

"မောင်တော်က သတိမရသေးဘူးပဲ ဘိုးဘိုး မောင်တော့်ကို ဆေးရည်တိုက်လိုက်ပါဦး"

အဝတ်ဖြူ ဝတ်ဆင်ထားသော အဘိုးအို သည် ရွှေခွက်ဖြင့် ထည့်ထားသော အရည်တစ်ခု သူ့အား တိုက်လိုက်သော် ခေါင်းထဲတွင် ရီဝေဝေဖြစ်လာသည်။

ထို့နောက် သူ၏ ဘဝမှန်အား တ ဖြည်းဖြည်းမြင်ယောင်လာသည်။

သူသည် ဃာရုနဂါးတိုင်းပြည်၏ အရှင်သခင် နဂါးမင်းတစ်ပါးဖြစ်ပြီး သူ့တွင် အလွန်ချစ်မြတ်နိုးရသော ဃာရုနာရုံ တစ်ပင်တိုင် မိဖုရားနှင့် ညီမတော်လေး တစ်ပါးရှိသည်။

သူ၏ ညီမတော်မှာ တော့ မြလေးပင်ဖြစ်သည်။

ဃာရုနဂါးမင်း လွန်ခဲ့သော ရက်အနည်းငယ်တွင် သာသနာပြုရန်

အတွက် မိဖုရားအား ခွင့်တောင်းကာ လှူပြည်သို့ ခေတ္တထွက်ခဲ့သည် ။

မိဖုရားသည် ချစ်ခင်ပွန်းအား မလွှတ်ချင်သော်လဲ မောင်တော်ဆန္ဒ ရှိနေသောကြောင့် လှူသက်တမ်း နှစ် ၂၀ သာနေရန် နှစ်၂၀ ပြည့်လျှင် နဂါးပြည်သို့ ပြန်လာရန် ကတိတောင်းကာ ခွင့်ပြုပေးခဲ့သည် ။

နဂါးမင်း လှူပြည်သို့ ထွက်ပြီး မကြာပေ။ နဂါးမင်း၏ ညီမတော် လေးသည် လဲ လှူပြည်သို့ လည်ပတ်ချင်သည် ဟု ယောက်မတော်အား ပူဆာခွင့်တောင်းကာ အစ်ကိုတော် နဂါးမင်းနောက် လိုက်ခဲ့သည် ။

"အိုး နှမတော်ရယ် မောင်တော် အားလုံး ပြန်သတိရလာပါပြီ"

"မောင်တော် ရယ် လှူပြည် မပြန်ပါနဲ့ တော့နော် နှမတော်တို့ ကိုယ့်ရဲ့ နန်းတော်မှာ နေကြရအောင် မောင်တော်ရယ်... နှမတော်ရယ် ညီမတော်လေးရယ် ဆွေတော်မျိုးတော်တွေရယ် ဘယ်လောက်တောင် ပျော်စရာကောင်းလိုက်သလဲ"

မိဖုရားစကားကြောင့် သူခေတ္တ တွေဝေသွားသည် ။

"နှမတော်ရယ် မောင်တော်က လှူပြည်ကို သာသနာပြုဖို့ ထွက်သွားခဲ့တာလေ ဒါပေမဲ့ မင်းစည်းစိမ်မှာ နစ်မြုပ်နေရင်း မေ့လျော့နေခဲ့တယ် မောင်တော်ဟာ လှူပြည်မှာ လဲ ဘုရင်တစ်ပါး ဖြစ်နေပြီ ညီမတော်လေးနဲ့ လဲ ဆုံတွေ့နေပြီး သာသနာပြုဖို့ ပဲ ကျန်တော့တယ် အခုတော့ မောင်တော် ပြန်မလာနိုင်သေးဘူး နှမတော်... လှူပြည်မှာ ဘုရားတစ်ဆူ တည်ခဲ့ချင်တယ် ဘုရားတည် ထီးတော်တင်ပြီးတာနဲ့ မောင်တော်တို့ ပြန်လာခဲ့ပါ့မယ် "

*****